# အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲ  အောင်လံမြို့၌  ကျင်းပ



ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးအင်အားစုများ၏ အမျိုးသားလှုပ်ရှားမှုများနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ၂၀၀၇ခုနှစ် ဇူလိုင်လ(၁၂)ရက် နံနက်(၀၈း၃၀) နာရီက သရက်ခရိုင်၊ အောင်လံမြို့ မဟာသိမ်တော်ကြီးဓမ္မာရုံ၌ကျင်းပရာ အမျိုးသားနိုင်ငံရေးအင်အားစုများမှ ခေါင်းဆောင်များ၊ ပြည်တွင်းဂျာနယ်များမှ အယ်ဒီတာချုပ်၊ အယ်ဒီတာများ၊ သတင်းထောက်များနှင့် အောင်လံမြို့မှ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား (၆၀၀)ခန့်တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မန္တလေးအနောက်မြောက်မြို့နယ် NLD အဖွဲ့ဥက္ကဋ္ဌ (နုတ်ထွက်) ဦးရဲမင်းက အခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပြီး၊ မန္တလေးအနောက်တောင်မြို့နယ် NLD ဥက္ကဋ္ဌ(နုတ်ထွက်) ဦးတင်မောင်ဝင်းက တွဲဖက်အခမ်းအနားမှူး အဖြစ်ဆောင်ရွက်ခဲ့ကြသည်။ ရှေးဦးစွာအခမ်းအနားမှူး ဦးရဲမင်းက အခမ်းအနား ဖွင့်လှစ်ကြောင်းကြေညာပြီး တက်ရောက်လာကြသော မိဘပြည်သူများအား အမျိုးသားနိုင်ငံရေး အင်အားစုများမှ ခေါင်းဆောင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ထို့နောက်အမျိုးသားညီလာခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးလှစိုးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်ပေါက်လာရေးအတွက် အမျိုးသားညီလာခံက ရေးဆွဲနေပြီဖြစ်၍ မကြာမီကာလ ရက်ပိုင်း လပိုင်းအတွင်းမှာ ပြီးမြောက်တော့မှာဖြစ်တဲ့အတွက် ဆန္ဒမဲပေးကြရတော့မယ်။ ပြီးတော့အရပ်သားအစိုးရပေါ်ပေါက်လာဖို့အတွက် ရွေးကောက်ပွဲလုပ်ကြရမယ်။ အရပ်သား အစိုးရ မကြာမီရက်ပိုင်းအတွင်း အကောင်အထည်ပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။ ဒါကြောင့်ညီလာခံကြီးအောင်အောင်မြင်မြင် ပြီးမြောက်နိုင်ဖို့အတွက် ပြည်သူများက အားပေးထောက်ခံကြဖို့နှင့် ပြည်ပနိုင်ငံကြီးတွေက စီးပွားရေးပိတ်ဆို့မှုများကိုလည်း ဆန့်ကျင်သွားကြဖို့လိုကြောင်းနှင့် အမျိုးသားနိုင်ငံရေး အင်အားစုများနှင့်အတူ လက်တွဲပါဝင်လာရေးအတွက် ယခုလို အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကို မြို့နယ်တိုင်း၊ ခရိုင်တိုင်းမှာ လိုက်လံရှင်းလင်းတင်ပြနေရခြင်းဖြစ်ကြောင်းများကို ရှင်းလင်းတင်ပြသွားပါသည်။

ဆက်လက်၍ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) ဗဟိုဦးစီးအဖွဲ့ခေါင်းဆောင် ဒေါက်တာစိုးလင်းက ရှင်းလင်းတင်ပြသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် မျိုးချစ်စိတ်ဓာတ်ရှိကြဖို့ အထူးလိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝံသာနုစိတ်ဓာတ်ဆိုတာ မျိုးချစ်စိတ်ဓာတ်ပါပဲ။ သမိုင်းထဲက ဝံသာနုကိုပဲပြန်ကြည့်ကြည့်ပါ။ လွတ်လပ်ရေးလှုပ်ရှားမှုကာလကပင် နိုင်ငံခြားသံတမန်တွေက ဘုရားဝင်းအတွင်းမှာ

ဖိနပ်စီးကြတာတွေကအစ ဆန့်ကျင်ခဲ့ကြတယ်။ MBA, GCBA အဖွဲ့ကြီးတွေ ပေါ်ပေါက်ခဲ့တယ်။

ဒါဟာ တစ်မျိုးသားလုံးရဲ့ မျိုးချစ်စိတ်ဓာတ်ပြည့်ဝမှုကိုပြခဲ့ကြတာပါပဲ။ အဲဒါ ဝံသာနုစိတ်ဓာတ်ပါပဲ။ ယနေ့ကျွန်တော်တို့ရဲ့ဝံသာနုကိုတင်ပြပါ့မယ်။ ကျွန်တော်တို့ရဲ့ဝံသာနုဟာလဲ ကျွန်တော်တို့ရဲ့တိုင်းရင်းသားတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အားလုံးမျိုးချစ်စိတ်ဓာတ်ရှိကြဖို့အတွက် လိုက်လံစည်းရုံးဟောပြောရှင်းလင်းနေရခြင်းပါပဲ။ မိမိတို့တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဒေသအလိုက် ကိုယ်စားလှယ်တွေကို မိမိတို့စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ရှိလာကြပါတယ်။ အမျိုးသားစီးပွားရေး၊ လူထုအကျိုးစီးပွားရေး လူ့အခွင့်အရေးတွေပြည့်ဝဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ဖွဲ့စည်းပုံဥပဒေထဲမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမူတွေပါပါတယ်။ ညီညွတ်မျှတမှုတွေ၊ ဒီမိုကရေစီပြည့်ဝမှုတွေ၊ လူ့အခွင့်အရေးပြည့်ဝမှုတွေ ပါဝင်ရေးဆွဲထားတာကြောင့် ထောက်ခံဆန္ဒမဲပေးကြပါလို့ တင်ပြလိုပါတယ်။ ဒီနေရာမှာ အမေရိကန်ကစွပ်စွဲတာရှိခဲ့တယ်။ မြန်မာတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေတာ နှစ်ကာလကြာရှည်လွန်းတယ်လို့ စွပ်စွဲခဲ့တယ်။ အမေရိကန်နိုင်ငံမှာရေးဆွဲစဉ်ကလည်း ၁၂ နှစ်ကျော်ကြာခဲ့တာပါပဲ။ မြန်မာနိုင်ငံမှာလူမျိုးပေါင်း (၁၀၀)ကျော်၊ ပြည်နယ်တိုင်း (၁၄) ခုရှိတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံကျကျ ရေးဆွဲနိုင်အောင်လေ့လာရတယ်။ ဆွေးနွေးတိုင်ပင်ညှိနှိုင်းရတယ်။ ဟော အခုပြီးစီးသွားပါပြီ။ အဖွဲ့အစည်းအားလုံး တိုင်းရင်းသားပြည်သူတွေအားလုံး ကြိုက်နှစ်သက်ကြရမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးပေါ်ပေါက်လာပါပြီ။ ကြိုဆိုထောက်ခံဆန္ဒမဲ ပေးကြပါ... စသည်ဖြင့် အကျယ်တဝံ့ ရှင်းလင်းပြောကြားသွားခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေး ကျောင်းတော်သားစုခေါင်းဆောင် ဦးလှမြင့်မှ ရှင်းလင်းပြောကြားသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဟိုယခင်ကပင် ဆီကိုရေချိူး၊ ဆေးရိုးမီးလှို့၊ စပါးတောင်လိုပုံ ဆိုသလို စီးပွားရေးတောင့်တင်းခဲ့ပါတယ်။ လူတိုင်းချောင်လည်ခဲ့ကြပါတယ်။ ဒီကနေ့ဘာကြောင့်ကျပ်တည်းနေခဲ့ကြရသလဲဆိုတော့ NLD အဖွဲ့ခေါင်းဆောင်လုပ်သူက နိုင်ငံကြီးကိုအကူအညီတောင်းခံပြီး မြန်မာနိုင်ငံကိုစီးပွားရေးပိတ်ဆို့ထားတာကြောင့် မြန်မာနိုင်ငံမှာလာရောက်ဖွင့်ထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေ ပြန်လည်ရုပ်သိမ်းသွားကြတယ်။ မြန်မာအလုပ်သမားပေါင်းမြောက်များစွာ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရတယ်။ စီးပွားရေးကျပ်တည်းခဲ့ကြရတယ်။ ဘွဲ့ရလူငယ်တွေ သိန်းပေါင်းများစွာ ပြည်ပကိုထွက်ပြီး အလုပ်သွားလုပ်နေခဲ့ကြရတယ်။ စီးပွားရေးပိတ်ဆို့မှုသာ မခံရဘူးဆိုရင် အားလုံးအဆင်ပြေကြရမှာပါ။ ဗီယက်နမ်နိုင်ငံဆိုရင် နိုင်ငံသေးပေမယ့် စီးပွားရေးပိတ်ဆို့မှုမရှိတဲ့ အတွက် အလုပ်ရုံကြီးတွေ၊ ကုမ္ပဏီကြီးတွေ နိုင်ငံတကာက လာရောက်လုပ်ကိုင်ကြတဲ့အတွက် စီးပွားရေးချောင်လည်ကြတယ်။ အဆင်ပြေကြတယ်။ ဒါကြောင့်မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြရမယ်။ ကျွန်တော်တို့မြန်မာနိုင်ငံ အမျိုးသားရေးနိုင်ငံရေးအင်အားစုများနဲ့ လက်တွဲပူးပေါင်းပါဝင်ကြပါ.. စသည်ဖြင့် ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

ထို့နောက်ဝံသာနု NLD ဦးဝေမှိုင်းက ရှင်းလင်းပြောကြားသည်မှာ ''ကျွန်တော်ဟာ ၁၉၈၄ ခုနှစ် ကတည်းကပင် NLD မှာပါဝင်လုပ်ဆောင်ခဲ့ပါတယ်။ ထောင်လည်းကျခံဘူးခဲ့ပါတယ်။ လုပ်ဆောင်ချက်အားလုံးဟာ နိုင်ငံနှင့်လူမျိုးအတွက် မည်သို့မျှ ကောင်းကျိုးပေးနိုင်မှာမဟုတ်ဘူးဆိုတာ သိမြင်လာလို့ အခုလိုအမျိုးသားနိုင်ငံရေးအင်အားစုများနှင့်

ပူးပေါင်းလက်တွဲပါဝင်လာခြင်းဖြစ်ကြောင်းနှင့် နိုင်ငံအတွက်အကျိုးပြုမည့် အမျိုးသားညီလာခံကြီးအောင်မြင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပေါ်ပေါက်လာရေးအတွက် ကြိုဆိုထောက်ခံကြပါ။ နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများကို ဆန့်ကျင်ကြပါ။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများနှင့် ပူးပေါင်းလက်တွဲပါဝင်ကြပါဟု ရှင်းလင်းတင်ပြဟောပြောပြီး၊ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့မှ ဒီမို NLD ဦးဘိုမောင်းထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားတင်ပြသွားခဲ့ပါသည်။

ယင်းနောက် နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစု ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဦးအုန်းလွင်မှ ရှင်းလင်းတင်ပြဟောပြောသွားသည်မှာ ဟိုတစ်ချိန်တစ်ခါက နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းစဉ်ကရော လွတ်လပ်ရေးရပြီးကာစအထိ နိုင်ငံတော်အတွက်ဆိုပြီး လှုပ်ရှားခဲ့တဲ့ သခင်စိုးဟာ ဆင်စွယ်ရှာ လူသတ်မှုနဲ့ပတ်သက်၍ ကြီးလေးသော ပြစ်ဒဏ်ကျခံခဲ့ရာမှ အကြောင်းတစ်ခုကြောင့် လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ပြီးသည့်နောက် သူ့ရဲ့အမှားအတွက် တိုင်းကျိုးပြည်ပြုဆောင်းပါးပေါင်း များစွာရေးသားရင်း နိုင်ငံအပေါ်ကျေးဇူးဆပ်ခဲ့ဖူးပါတယ်။ အခုကျွန်တော်တို့လည်း NLD ကနုတ်ထွက်ခဲ့ပြီးလို့ အမျိုးသားနိုင်ငံရေးအင်အားစုများနဲ့လက်တွဲပြီး နိုင်ငံအကျိုးအတွက်လုပ်ဆောင်နေပါတယ်။ အမျိုးသားနိုင်ငံရေးအင်အားစုများမှာ တပ်မတော်က ဦးဆောင်မှအောင်မြင်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ပြည်သူရယ်၊ တပ်မတော်ရယ်၊ အစိုးရရယ်ပေါင်းစပ်ပါဝင်မှသာ ဒီမိုကရေစီလမ်းကြောင်း အောင်မြင်နိုင်မယ်လို့ ယုံကြည်ပါတယ်... စသည်ဖြင့် ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

ဆက်လက်၍ နုတ်ထွက် NLD မန္တလေးမှ ဒေါ်နန်းရွှေကြာက ရှင်းလင်းတင်ပြသည်မှာ ကျွန်မဟာ ၂၀၀၄ ခုနှစ် အောက်တိုဘာ (၁)ရက်နေ့ကစပြီး NLD အဖွဲ့ချုပ်မှနုတ်ထွက်ခဲ့ပါတယ်။ ဘာကြောင့်နုတ်ထွက်ခဲ့ရသလဲဆိုရင် NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ အောက်ခြေအဖွဲ့သားတွေရဲ့ အခက်အခဲကို ပြန်မကြည့်ဘူး။ မစဉ်းစားပေးဘူး။ ညှိနှိုင်းဆောင်ရွက်ခြင်းလုံးဝမရှိ၊ ငါတကိုးကိုးပြီး အပြန်အလှန်လေးစားမှုမရှိဘူး။ နိုင်ငံအတွက် ဘယ်လိုမှကောင်းကျိုးမပြုပါဘူး။ တပ်မတော်အစိုးရရဲ့ လုပ်ဆောင်မှုမှန်သရွေ့ အကောင်းမမြင်ပျက်ရယ်ပြုနေပါတယ်။ ယနေ့အထိ နိုင်ငံအတွက် ဘာကောင်းကျိုးမှမပြုလုပ်ဖူးသေးပါဘူး။ နိုင်ငံကြီးတွေကပေးတဲ့ ဘွဲ့တံဆိပ်တွေလည်း (၈၀)ကျော်ရရှိထားခဲ့ပြီးပါပြီ။ ဒီတံဆိပ်တွေဟာ နိုင်ငံတော်အတွက် အဖျက်လုပ်ငန်းတွေလုပ်ပေးလို့ တပ်မတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေလို့ မြှောက်ပင့်ပြီးပေးတဲ့ဆုတံဆိပ်တွေပဲ ဖြစ်ပါတယ်။ အဲဒီကရတဲ့ဆုကြေးငွေတွေနဲ့ ပညာရေး၊ ကျန်းမာရေးတွေမှာ အသုံးပြုမယ်လို့ပြောပေမယ့် ဒီကနေ့အထိ ဘာတစ်ခုမှ ကောင်းမှုလှူဒါန်းခြင်းမရှိသေးပါဘူး။

ကျွန်မတို့ကတော့ ဗိုလ်ချုပ်အောင်ဆန်းသမီးဖြစ်လို့ ချစ်လို့၊ ယုံကြည်လို့ သူ့အဖွဲ့ NLD ထဲကိုဝင်ခဲ့မိတာပါ။ သူ့အကြိုက်အဖျက်လုပ်ငန်းတွေ မဟုတ်မဟတ်လေသံစကားတွေ ပြောခဲ့မိပါတယ်။ ပျက်ရယ်ပြုခဲ့မိပါတယ်။ ကျွန်မမှားခဲ့မိပါတယ်။ ဒီအတွက်ကိုလဲ တပ်မတော်အစိုးရနဲ့ ပြည်သူတွေကို ကျွန်မအနူးအညွတ် တောင်းပန်အပ်ပါတယ်။ ရှေ့ဆက်ပြီး နိုင်ငံအကျိုးပြုလုပ်ငန်းတွေ ဆထက်တံဘိုးတိုး လုပ်ဆောင်နိုင်ဖို့အတွက် ယခုလို အမျိုးသားနိုင်ငံရေးအင်အားစုများအဖွဲ့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နိုင်ငံတကာ စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးလုပ်ငန်းမှာ ကျွန်မတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ကြပါ . . . . စသည်ဖြင့် ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

ဆက်လက်၍ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစု ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှသိန်းက ရှင်းလင်းတင်ပြသည်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊

အမျိုးသားညီလာခံမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်ပေါက်လာရေးအား ကြိုဆိုထောက်ခံရေးနှင့် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် လက်တွဲပါဝင်ကြရန် ရှင်းလင်းတင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်းမှ ရှင်းလင်းတင်ပြသွားသည်မှာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဘယ်ကပေးတာလဲဆိုရင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိပါမှသာလျှင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုတာ ခံစားနိုင်မှာပါ။ ဒါကိုရှင်းရှင်းလင်းလင်းသိထားဖို့လိုပါတယ်။ ဒါကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်ပေါက်လာဖို့ ပြည်သူတွေမှာ တာဝန်အများကြီးရှိပါတယ်။ ထောက်ခံအားပေး ကူညီကြရမယ်။ ၁၉၉၃ ခုနှစ်ကတည်းကပင် ကျွန်တော်တို့ပါဝင်ရေးဆွဲနေပါတယ်။ အခု ပထမအဆင့်ပြီးသွားပါပြီ။ သိချင်တာရှိရင်မေးကြပါ . . . စသည်ဖြင့် ရှင်းလင်းတင်ပြသွားပါသည်။

ဆက်လက်၍ အမျိုးသားညီလာခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးသိန်းကြည် ဆွေးနွေးတင်ပြသွားသည်မှာ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးမရမီကပင် အုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပါသည်။ အဲဒီဥပဒေမှာ နယ်ချဲ့သစ္စာဖောက်တွေရဲ့ ပယောဂ၊ ညစ်ပတ်မှု ဥာဏ်ဆိုး လှည့်ကွက်တစ်ခုပါသွားခဲ့တယ်။ သတိမပြုမိခဲ့ကြပါဘူး။ အဲဒါဘာလဲဆိုရင် လွတ်လပ်ရေးရပြီး ၁၀နှစ် ကြာတဲ့အခါ ပြည်ထောင်စုကြီးက ခွဲထွက်လိုက ခွဲထွက်နိုင်တယ်ဆိုတဲ့ ဥပဒေဖက်ဒရယ်မူတစ်ချက်ကြောင့် နိုင်ငံမီးတောက်ခဲ့ရတယ်။ ဥပဒေဆိုတာကတော့ သူ့ခေတ်နဲ့ သူ့အချိန်အခါနဲ့တော့ အကောင်းဆုံးပါပဲ။ ဒီကနေ့ ၁၉၉၃ ခုနှစ်ကစပြီး ၂၀၀၇ ခုနှစ်အထိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲကြတယ်။ ကျွန်တော်တို့ ဒီနေ့အထိ တောက်လျှောက်ပါခဲ့တယ်။ ယနေ့ပြီးဆုံးသွားပါပြီ။ ယခင်ဥပဒေတွေရဲ့ အားနည်းချက်တွေကို သင်ခန်းစာယူပြီး ရေးဆွဲထားပါတယ်။ ပြည်ထောင်စုကြီးက ဘယ်တော့မှခွဲမထွက်ဘူးဆိုတဲ့ အပိုဒ်ရယ်၊ ငွေကြေးကို တရားမဝင်အဖြစ်မကြေညာဘူး။ လူ့အခွင့်အရေးရရှိရေးဆိုတဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်(လက်နက်မပါရ) စသည်ဖြင့် အကျယ်တဝံ့ ရှင်းလင်းသွားခဲ့ပါသည်။

ထို့နောက် အမျိုးသားညီလာခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးကြည်ဝင်း ရှင်းလင်းတင်ပြသွားသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဆိုတာဘာလဲ။ ယခင်ကမရှိခဲ့ဘူးလား၊ ရှိခဲ့ပါတယ်။ အမှားအယွင်းတွေလည်း ရှိခဲ့ကြပါတယ်။ ဥပမာ အနော်ရထာမင်းကြီး ကျန်စစ်သားကို အရန္တမာလှံနဲ့ ထိုးသတ်လိုက်တယ်။ ကံကောင်းလို့ မသေပဲလွတ်သွားခဲ့တယ်။ တကယ်လို့သာ သေသွားခဲ့ရင် တိုင်းပြည်ဘယ်လောက်နစ်နာခဲ့ရမလဲ။ ဒါမှားယွင်းချက်တစ်ခုပဲ။ နောက်ပြီး ပညာရှိအမတ်ကြီးတွေ မဲဇာပို့တယ်၊ ပြည်နှင်ဒဏ်ပေးတယ်။ သတ်ဖြတ်ခံခဲ့ကြရတယ်။ ဒါဟာ တိုင်းပြည်ရဲ့ဆုံးရှုံးမှုတွေပဲ။ မမှားခဲ့ဘူးဆိုတာမရှိပါဘူး။ အမှားပေါ်မှာ ဆင်ခြင်ပြီး ပညာယူတတ်ကြရမယ်။ အမျိုးသားညီလာခံကျင်းပပြီး အခြေခံဥပဒေရေးဆွဲနိုင်ဖို့အတွက် ၁၉၉၂ ခုနှစ်မှာ ပါတီအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းတိုင်ပင်ခဲ့ပါတယ်။ NLD ပါတီက ပါဝင်တက်ရောက်ဖို့သဘောတူပြီး တက်ရောက်ခဲ့တယ်။ နောက်ပိုင်းမှာ ညီလာခံကနုတ်ထွက်သွားခဲ့ကြတယ်။ ကျွန်တော်တို့က NLD ကနုတ်ထွက်ပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ဆက်တက်ခဲ့တယ်။ ဒီနေ့အထိပါပဲ။ ဥပဒေရေးဆွဲခဲ့ကြပါတယ်။ အားလုံးပြီးစီးသွားပါပြီ။ သမ္မတသည် စစ်ရေးအတွေ့အကြုံ၊ နိုင်ငံရေးအတွေ့အကြုံ၊ စီးပွားရေးအတွေ့အကြုံ၊ အုပ်ချုပ်ရေးအတွေ့အကြုံရှိရမယ်လို့ ပထမရေးဆွဲစဉ်က ပါရှိခဲ့သော်လည်း ယနေ့အတည်ပြုခဲ့ကြသည်မှာ သမ္မတသည် စစ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်ဟု ပြင်ဆင်အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် သမ္မတသည် အရပ်သားလည်းဖြစ်နိုင်ပါတယ်။ တပ်မတော်သားလည်း သမ္မတဖြစ်နိုင်ပါတယ်။ ထို့နောက်အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ လွှတ်တော်နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်မည့် ရွေးချယ်ရမည့် သမ္မတနှင့် လွှတ်တော်ကိုယ်စားလှယ်များ မဲပေးရွေးချယ်ပုံများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်လူမျိုးများ၊ တိုင်းနှင့်ပြည်နယ် ဒေသကြီးများ ခွဲခြားရရှိမည့် လွတ်လပ်ခွင့်များဖြစ်သော (၁)တရားမျှတမှု၊ (၂)လွတ်လပ်မှုအခွင့်အရေး၊ (၃)တန်းတူညီမျှအခွင့်အရေး၊ (၄)ကျေးကျွန်ပြုမှု၊ လူရောင်းဝယ်မှု၊ မတရားချုပ်ခြယ်မှု၊ (၅)ဘာသာတရားလွတ်လပ်စွာကိုးကွယ်မှုခွင့်၊ (၆)ယဉ်ကျေးမှုနှင့်ပညာရေး၊ (၇)စီးပွားရေး

လွတ်လပ်မှုအခွင့်အရေး၊ (၈)ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေး၊ (၉)ပြစ်မှုဆိုင်ရာအခွင့်အရေး (ဥပမာ–အပြစ်မရှိဘဲ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ)၊ (၁၀)ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကာကွယ်ပိုင်ခွင့် အခွင့်အရေးတွေရရှိလာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြီးကို အတည်ပြုထောက်ခံဖို့ ပြည်သူတွေဆန္ဒခံယူပွဲလုပ်ကြရဦးမယ်။ ထောက်ခံဆန္ဒမဲပေးကြပါလို့ မှာချင်ပါတယ်။ ကန့်ကွက်မယ်ဆိုရင်တော့ ခေတ်တစ်ခေတ် နောက်ကျသွားဦးမယ်။ ဒါကြောင့် ကြိုဆိုထောက်ခံဆန္ဒမဲ ပေးကြပါလို့မှာကြားလိုပါတယ်.. စသည်ဖြင့် အကျယ်တစ်ဝင့် ရှင်းလင်းတင်ပြသွားပါသည်။

ထို့နောက်တက်ရောက်လာ ဒေသခံပြည်သူများနှင့် စာနယ်ဇင်းများ၊ သတင်းထောက်များ၏ မေးမြန်းချက်များကို အမျိုးသားနိုင်ငံရေး အင်အားစုခေါင်းဆောင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နေ့လည် (၁၃း၀၀) နာရီအချိန်တွင် အခမ်းအနားကိုရုပ်သိမ်းလိုက်ပါသည်။